Pen MYANMAR

# ပဲန်မြန်မာသတင်းလွှာ

ဇွန် - ဇူလိုင်၊ ၂၀၂၀

“

**Rights** တွေဟာ တောင်းစရာ လိုတာ မဟုတ်ပါဘူး။
လေ့ကျင့်ယူ ကျင့်သုံးယူရတဲ့အရာပါဆိုတဲ့အသိ မရှိဘူး။
အလေ့အကျင့်လုပ်လို့ရတဲ့ ဝန်းကျင်တစ်ခုကို မဖန်တီးပေးနိုင်ခဲ့ဘူး။
အဲအတွက်ကြောင့်မို့လို့ ကျွန်မတို့စင်တာရဲ့ **Vision** နေရာမှာ
ဒါတွေ အားလုံးပါချင်တယ်။ ကျွန်မတို့က ဒီရပိုင်ခွင့်၊ ဒီအခွင့်အရေးကို
ကျင့်သုံးနိုင်တဲ့ ပလက်ဖောင်းတစ်ခုဖြစ်အောင် လုပ်မှရမယ်။
ဒါဟာ ရှင်းရှင်းပြောရင် ကိုယ့်နိုင်ငံရဲ့ရေရှည်အမြော်အမြင်ကို
စင်တာနဲ့ ပိုပြီးလိုက်လျောညီထွေဖြစ်အောင် လုပ်ချင်တယ်ပေါ့။
အဲဒါတွေအကုန်လုံး ပူးပေါင်းနိုင်ဖို့ဆိုပြီး တစ်ဖက်မှာ ကြိုးစားရတယ်ပေါ့။
လွယ်သလားမေးရင်တော့ မလွယ်ဘူးပေါ့။
သို့သော် အားလုံးကို တတ်နိုင်သမျှ ပူးပေါင်းလာအောင် လုပ်တယ်။
လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပါတယ်ဆိုတဲ့
ပဲန်မြန်မာရဲ့ **Identity** တစ်ခုတည်းကို အားလုံးသက်ဝင်ပြီး
ယုံကြည်လာအောင်ပေါ့။

”

“အကျပ်အတည်းအတွင်းမှ ခေါင်းဆောင်မှု” စကားဝိုင်း၌
ပဲန်မြန်မာအဖွဲ့ဝင်၊ ပဲန်အင်တာနေရှင်နယ်ဒါရိုက်တာဘုတ်အဖွဲ့ဝင် စာရေးဆရာမ မသီတာ-စမ်းချောင်း ပြောကြားထားသည့်
ပဲန်မြန်မာစင်တာ စတင်တည်ထောင်ဖြစ်ပုံအကြောင်းကို ကောက်နုတ်ဖော်ပြပါသည်။

PEN MYANMAR

ပဲန်မြန်မာသတင်းလွှာ၊ ဇွန် - ဇူလိုင်၊ ၂၀၂၀

## PEN Myanamr ၏ ရည်ရွယ်ချက်

(၁) လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန်နှင့်မြှင့်တင်ရန်။
(၂) သက်ဝင်ရှင်သန်သော စာပေယဉ်ကျေးမှုတစ်ရပ်ကို ပြုစုပျိုးထောင်ရန်။
(၃) ကျောင်းပညာရေးနှင့်ရသစာပေကို ပေါင်းကူးဆက်စပ်ရန်နှင့်မြှင့်တင်ရန်။

## PEN Myanamr ၏ ဆောင်ပုဒ်

"လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန်နှင့်
သက်ဝင်ရှင်သန်သော စာပေယဉ်ကျေးမှုတစ်ရပ်ကို ပြုစုပျိုးထောင်ရန်"

---

**သတင်းလွှာအယ်ဒီတာအဖွဲ့**

စာရေးဆရာ ညီပုလေး
သတင်းစာဆရာ သီဟသွေး

## နိုင်ငံတကာ



ဘလော့ဂါ လျူယန်လီ

# ကိုဗစ်ကာလအတွင်း လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုမှုနှင့်ပတ်သက်သော ကမ္ဘာတစ်လွှားမှ သတင်းများ

**၂၊ ဇွန်၊ ၂၀၂၀ - တရုတ်**

တရုတ်ခေါင်းဆောင်ပိုင်းကို လူမှုမီဒီယာပေါ်ကနေ ဝေဖန်ခဲ့မှုအတွက် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ဘလော့ဂါ လျူယန်လီအား ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်က ပြည်နယ်တရားရုံးတစ်ခုကနေ ထောင်ဒဏ် ၄ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယခုလို ထောင်ဒဏ်ချမှတ်ခြင်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ တရုတ်နိုင်ငံမှ လက်မှတ်ရေးထိုးထားသော နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရသော်လည်းကောင်း လျူယန်လီ ရရှိထားသည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုပိုင်ခွင့်အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လျူယန်လီအား ချက်ချင်းခြွင်းချက်မရှိ လွှတ်ပေးရန် ပဲန်အင်တာနေရှင်နယ်မှ တောင်းဆိုလိုက်ပါသည်။

❑

**၅၊ ဇွန်၊ ၂၀၂၀ - အမေရိကန်**

ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ခုအနေဖြင့် နိုင်ငံပေါင်း ၁၂၀ ကျော်တွင် ကိုယ်စားပြုအဖွဲ့များ ဖွဲ့စည်းထားရှိပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးနေသည့် ပဲန်အင်တာနေရှင်နယ်သည် ကိုဗစ် အကျပ်အတည်းကာလအတွင်း သတင်းရယူလျက်ရှိကြသော အမေရိကန်ပြည်ထောင်စုရှိ သတင်းထောက်များအပေါ် အကြမ်းဖက်မှုများ မပြုလုပ်ရန် အမေရိကန်အစိုးရအား တိုက်တွန်းလိုက်ပါသည်။ ထို့အတူ ပဲန်အင်တာနေရှင်နယ်အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်း ၇၂ ဖွဲ့တို့ကလည်း စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် သမ္မတထရမ့်ထံသို့ စာရေးတောင်းဆိုခဲ့ကြသည်။

❑

**၁၀၊ ဇွန်၊ ၂၀၂၀ - ဗီယက်နမ်**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကို ကမ္ဘာက အာရုံစိုက်နေစဉ် ဗီယက်နမ်အစိုးရသည် သတင်းထောက်များနှင့်လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ( ဘလော့ဂါ)များအား ဆက်လက်ဖမ်းဆီးနေခဲ့ပါသည်။ ဤအပြုအမူသည် သတင်းလွတ်လပ်ခွင့်အပေါ် ဖိနှိပ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဖမ်းဆီးထားသော စာရေးဆရာများနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ဘလော့ဂါများ၏အရေးကိစ္စနှင့်စပ်

## နိုင်ငံတကာ

လျှဉ်း၍ စုံစမ်းစစ်ဆေး အရေးယူမှုများဆောင်ရွက်ရန်နှင့် ယင်းသတင်းထောက်များအား အမြန်ဆုံးပြန်လွှတ်ပေးရေး ဗီယက်နန်အစိုးရအား ဖိအားပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီဥက္ကဋ္ဌနှင့် ဥရောပ ပါလီမန် ဥက္ကဋ္ဌတို့ထံသို့ လိပ်မူပြီး ဗီယက်နမ်နိုင်ငံ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ပဲန်အဖွဲ့များ၊ နိုင်ငံတကာလွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့် အဖွဲ့အစည်းများက စာရေးတောင်းဆိုခဲ့ကြပါသည်။

❑

**ဇွန်၊ ၂၀၂၀ – တူရကီ**

တူရကီအစိုးရသည် ၄င်း၏နိုင်ငံအတွင်း၌ အများပြည်သူ အသုံးပြုသော အင်တာနက်ကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် ဝက်ဘ်ဆိုက်များကို တရားမဝင်ပိတ်ဆို့ခြင်းများ ပြုလုပ်လျက်ရှိနေပါသည်။ ထို့အပြင် လျင်မြန်စွာ ပျံ့နှံ့နေသော ကိုဗစ်– ၁၉ ရောဂါ၏ ခြိမ်းခြောက်မှုကြောင့် တူရကီအကျဉ်းထောင်များ၌ စိုးရိမ်စရာကောင်းသောအခြေအနေဖြစ်နေပြန်သည်။ ထို့ကြောင့် ထောင်နှင့်ချီသော နိုင်ငံရေးအကျဉ်းသားများအား ချက်ချင်းလွှတ်ပေးရန်နှင့် အင်တာနက် လွတ်လပ်ခွင့်ကို အာမခံနိုင်စေရန် ပဲန်အင်တာနေရှင်နယ်အပါအဝင် အဖွဲ့အစည်းများက လက်မှတ်ရေးထိုးကာ တူရကီအစိုးရထံ တောင်းဆိုခဲ့ကြပါသည်။

❑

**၁၅၊ ဇွန်၊ ၂၀၂၀ – ကျူးဘား**




ကဗျာဆရာ၊ သတင်းစာဆရာ
**Roberto de JesúsQuiñones Haces**

ကျူးဘားနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေး၊ သတင်းနည်းပညာဆိုင်ရာအချုပ်အခြာအာဏာလုံခြုံရေးနှင့် အမျိုးသားကာကွယ်ရေးတို့အတွက် အမိန့်ဥပဒေအမှတ် ၃၇၀ ကိုသတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းအမိန့်ဥပဒေပါပြဋ္ဌာန်းထားသော ကန့်သတ်ချက်များထဲတွင် ကျူးဘားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မအချို့နှင့်အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အချို့ကို ချိုးဖောက်ခြင်းသဘောများ ပါဝင်နေပါသည်။ ထို့ကြောင့် ယင်းအမိန့်ကို ပြန်လည်သုံးသပ်ရန် သဘောတူလက်မှတ်စုဆောင်း၍ ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာဆန္ဒသဘောထား စုဆောင်းထုတ်ပြန်ချက်အား ပဲန်အင်တာနေရှင်နယ်မှ ထောက်ခံပါသည်။ ထို့အပြင် ဖမ်းဆီးခံထားရသည့် **CubaNet** သတင်းဝက်ဘ်ဆိုက်တွင် လုပ်ကိုင်နေသည့် ရှေ့နေလည်းဖြစ်၊ ကဗျာဆရာ၊ သတင်းစာဆရာလည်းဖြစ်သော Roberto de JesúsQuiñones Haces အား ချက်ချင်းခြွင်းချက်မရှိ လွှတ်ပေးရန် ပဲန်အင်တာနေရှင်နယ်က တောင်းဆိုလိုက်ပါသည်။

❑

**၁၈၊ ဇွန်၊ ၂၀၂၀ – ဗြိတိန်**

သတင်းစာဆရာမ
**Amy Fenton**



**Barrow** အခြေစိုက် **The Mail** သတင်းစာ၏ သတင်းစာဆရာမ **Amy Fenton** အား ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်က တရားမျှတမှုကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံထားရသည့် အမျိုးသမီးတစ်ဦးနှင့်ပတ်သက်၍ သူမ ရေးသားခဲ့သော အစီရင်ခံစာတစ်စောင်ကြောင့် အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း၊ သတိပေးခြင်းများ ခံခဲ့ရပါသည်။ ထို့ကြောင့် **Fenton** သည် နေအိမ်မှ တိမ်းရှောင်နေရပြီး ရဲတပ်ဖွဲ့၏ အစောင့်အရှောက်အောက်တွင် နေနေရပါသည်။ သူမကဲ့သို့ ယူကေရှိ အခြားဂျာနယ်လစ်များသည်လည်း အလားတူ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေ

## နိုင်ငံတကာ



သတင်းထောက်
Supriya Sharma



ကဗျာဆရာ
ဗီတာဗာရာဗာရာ

ရပါသည်။ သို့ဖြစ်ပါ၍ စာနယ်ဇင်းသမားများကို ကာကွယ်ရန်နှင့်လွတ်လပ်သော စာနယ်ဇင်းရှင်သန်နိုင်ရေးအတွက် ဗြိတိန်အစိုးရအား ပဲန်အင်တာနေရှင်နယ်က တောင်းဆိုလိုက်ပါသည်။

❑

### ၂၂၊ ဇွန်၊ ၂၀၂၀ – အိန္ဒိယ

အိန္ဒိယတွင် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို တားဆီးရန်နှင့် ထိန်းချုပ်ရန်အတွက် တစ်နိုင်ငံလုံး ပိတ်ဆို့ခဲ့ရာ ထိုသို့ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ အခန်းစဉ်ဆောင်းပါးတွဲများစွာကို **Scroll.in** မှ သတင်းထောက် **Supriya Sharma** ကရေးသားပြုစုဖော်ပြခဲ့ပါသည်။ ထိုသို့ရေးသားဖော်ပြခဲ့သော ၄င်း၏ဆောင်းပါးတွင် ပိတ်ဆို့ခြင်းခံရချိန်၌ စားနပ်ရိက္ခာပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရသည်ဟူသောအချက်လည်း ပါရှိခဲ့ပါသည်။ သို့သော် အဆိုပါ အချက်အား ပြောဆိုခဲ့သည့် တွေ့ဆုံမေးမြန်းခံရသူ ကာယကံရှင်မှ ဆောင်းပါးတွင်ပါရှိသော မှတ်ချက်များသည် မှားယွင်းနေကြောင်းနှင့် ပိတ်ဆို့တားဆီးခံထားရသည့်ကာလအတွင်း မည်သည့်ပြဿနာမျှ မကြုံခဲ့ရကြောင်း၊ ဆောင်းပါးရှင်က မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်တိုင်ကြားခဲ့ပါသည်။ ထိုတိုင်ကြားချက်နှင့် ပတ်သက်၍ ဆောင်းပါးရှင်အပေါ် အရေးယူဆောင်ရွက်မှုများ နောက်ဆက်တွဲပေါ်ပေါက်လာမည်ကို စိုးရိမ်ပူပန်သောကြောင့် ပဲန်အင်တာနေရှင်နယ်သည် ပဲန်ဒေလီနှင့်ပူးပေါင်းကာ ဆောင်းပါးရှင်အား အားပေးထောက်ခံမှုများ ပြုလုပ်ခဲ့သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလကတည်းက အချုပ်ဖြင့် တရားရင်ဆိုင်လျက်ရှိသော အသက် ၈၁ နှစ်ရှိပြီဖြစ်သည့် အိန္ဒိယကဗျာဆရာ ဗီတာဗာရာဗာရာသည် ၄င်း၏ ကျန်းမာရေးအခြေအနေအရ လိုအပ်သည့် ဆေးဝါးကုသမှု ခံယူနိုင်ရန် အချုပ်မှ လွှတ်ပေးဖို့ ပဲန်ဒေလီနှင့်အတူ ပဲန်အင်တာနေရှင်နယ်က တောင်းဆိုလိုက်ပါသည်။ ၂၀၂၀ ဇူလိုင် ၃၀ ရက်နေ့ နောက်ဆုံးသတင်းများအရ ကဗျာဆရာ ဗီတာဗာရာသည် ကိုဗစ်၁၉ ရောဂါပိုး ကူးစက်ခံထားရကြောင်းနှင့် ဆေးကုသမှု ခံယူနိုင်ရန် ၄င်းအား ဆေးရုံတစ်ရုံသို့ လွှဲပြောင်းပို့ဆောင်ထားကြောင်း သိရှိရပါသည်။

❑

### ၈၊ ဇူလိုင်၊ ၂၀၂၀ – အီရန်

အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်သော အီရန်နိုင်ငံတွင် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အတွက် တိုက်ပွဲဝင်ခဲ့ကြသော စာရေးဆရာသုံးဦးဖြစ်သည့် **Baktash Abtin, Reza Khandan-Mahabadi** နှင့် **Keyvan Bazhan** တို့ အပေါ် စွဲချက်တင်မှုများကို ပယ်ဖျက်ရန် ပဲန်အင်တာနေရှင်နယ်က ဆက်လက်တောင်းဆိုခဲ့ပါသည်။ ထို့အပြင် လူ့အခွင့်အရေးလှုပ်ရှားမှုများကြောင့် ထောင်ဒဏ် ၁၆ နှစ်ကျခံနေရသော အီရန်သတင်းစာဆရာမ နာဂစ်မိုဟာမက်အား ဆေးဝါးကုသမှု ခံယူနိုင်ရန် ချက်ချင်းခြွင်းချက်မရှိ လွှတ်ပေးဖို့ ပဲန်အင်တာနေရှင်နယ်က ထပ်လောင်းတောင်းဆိုလိုက်ပါသည်။

❑

### ၁၆၊ ဇူလိုင်၊ ၂၀၂၀ – ဇင်ဘာဘွေ

ပြင်ဆင်ရေးဆွဲလျက်ရှိသော ဇင်ဘာဘွေအစိုးရ၏ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်ကာကွယ်မှုဆိုင်ရာဥပဒေကြမ်းသည် ဒစ်ဂျစ်တယ်အခွင့်

## နိုင်ငံတကာ



အရေးနှင့်ပတ်သက်ပြီး အားနည်းချက်များစွာရှိနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပဲန်အင်တာနေရှင်နယ်သည် ပဲန်အမေရိက၊ လူ့အခွင့်အရေးနှင့်လူထု အခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အဆိုပါ ဥပဒေမူကြမ်းအား ဒေသဆိုင်ရာစံနှုန်းများ၊ နိုင်ငံတကာဥပဒေမူဘောင်များနှင့် ကိုက်ညီသောပုံစံဖြင့် ရေးဆွဲပြင်ဆင်နိုင်ရန် ပြန်လည်သုံးသပ်ပေးဖို့ ဇင်ဘာဘွေအစိုးရအား တောင်းဆိုခဲ့ပါသည်။ ❑



### ၂၁၊ ဇူလိုင်၊ ၂၀၂၀ - ဆားဘီးယား

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်မှ ၁၁ ရက်အတွင်း ဆားဘီးယားနိုင်ငံတစ်ဝန်း ပေါ်ပေါက်ခဲ့သော ဆန္ဒပြပွဲများတွင် မီဒီယာသမား အများအပြားတိုက်ခိုက်ခံခဲ့ရပါသည်(အပေါ်ပုံ)။ ထို့ကြောင့် ပဲန်အင်တာနေရှင်နယ်သည် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် မီဒီယာလွတ်လပ်ခွင့် ပြုလုပ်နေသော အဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ သတင်းသမားများအား တိုက်ခိုက်ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများ၊ ကျူးလွန်မှုမရှိစေရန် ဆာဘီးယားအစိုးရအား တောင်းဆိုခဲ့သည်။

■

## နိုင်ငံတကာ

# အိုင်ယာလန်ဘာသာစကားဖြင့် ရေးသားထားသော ကမ္ပည်းကျောက်စာကို အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုရန် ဆုံးဖြတ်သည့် ဘုရားကျောင်း

**ဇွန် ၁၁ ရက်**

အင်္ဂလန်၏ဘုရားကျောင်း သင်္ချိုင်းဂူတစ်ခုအတွင်း လွန်ခဲ့သော ၂ နှစ်ခန့်က ကွယ်လွန်ခဲ့သူတစ်ဦး၏ ကမ္ပည်းကျောက်စာကို အိုင်ယာလန်ဘာသာစကားဖြင့် ရေးထိုးထားပါသည်။ ထိုကမ္ပည်းစာအား အင်္ဂလိပ်ဘာသာစကားဖြင့် ဘာသာပြန်ကာ ပြန်လည်ရေးသားရမည်ဟု ဘုရားကျောင်းက ပြောဆိုခဲ့မှုအပေါ် ပဲန်အင်တာနေရှင်နယ်အနေဖြင့် စိုးရိမ်ပူပန်မိပါသည်။ ထိုသူ၏မိသားစုသည်လည်း ဘုရားကျောင်း၏ ဆုံးဖြတ်ချက်ကို အယူခံဝင်နေကြပါသည်။

ပဲန်သည် ဘာသာပြန်ခြင်းနှင့် ဘာသာစကားရပိုင်ခွင့်ဆိုင်ရာကိစ္စများအတွက် ကြိုးပမ်းခဲ့သောကြောင့် ဂုဏ်ယူစရာသမိုင်းမှတ်တိုင်များစွာ ရှိပါသည်။ **PEN Girona Manifesto** ၏ကမ္ဘာတစ်ဝန်းရှိ ဘာသာစကားကွဲပြားမှုကို ကာကွယ်ရန်အတွက် ကြိုးပမ်းခဲ့မှုများတွင် အောက်ပါအချက်များလည်း ပါဝင်ခဲ့ပါသည်။

- ကမ္ဘာပေါ်ရှိ မတူညီကွဲပြားသော ဘာသာစကားများနှင့်ယဉ်ကျေးမှုများအားလုံးကို လေးစားခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် အခြေခံကျသောအချက် ဖြစ်သည်။
- မိမိ၏ဘာသာစကားကို အသုံးပြုရန်နှင့်ကာကွယ်ရန် အခွင့်အရေးကို အခြေခံလူ့ရပိုင်ခွင့်များထဲမှတစ်ခုအဖြစ် ကုလသမဂ္ဂက အသိအမှတ်ပြုရမည်။

ထိုကဲ့သို့သောအချက်များကို တန်ဖိုးထားသည့် ပဲန်အနေဖြင့် အင်္ဂလန်ဘုရားကျောင်း၏ ယခုကဲ့သို့ မှားယွင်းသောဆုံးဖြတ်ချက်အား ပယ်ဖျက်ရန် တောင်းဆိုလိုက်ပါသည်။

■

pen MYANMAR



| No | Title | Author |
|---|---|---|
| 1 | In The Lonely Cool Before Dawn | Ma Thida (Sanchaung) |
| 2 | Let's Take A Kneeling | Mi Chan Wai |
| 3 | Hamelin Revisited | Maung Nyein Lu |
| 4 | My Lost Happy | Manan |
| 5 | My Struggled days on the roadside | Manan |
| 6 | The Concept of Man in Myanmar Philosophical Thought | Sun Htoon Thou |
| 7 | A Night Forsaken | Thiri Zon |
| 8 | An Apology and Memorial to My Little Friends for Things I Didn't Know I was Committing | Thiri Zon |
| 9 | Soul's Story | Thiri Zon |
| 10 | A Soldier's Return | Maung Day |
| 11 | The Magician | Maung Day |
| 12 | A Prisoner Writes a Poem | Maung Day |
| 13 | Beneath the Stars | Maung Day |
| 14 | Strangler Fig | Maung Day |
| 15 | I can't Breath | Khin Hnit Thit Oo |
| 16 | The Heritage | Lwin (Bawdwin) |
| 17 | I will wake up … again | Suu Mie Aung |

Litteraturcentrum Uppsala မှ ၎င်းတို့၏ အလုပ်ရုံဆွေးနွေးပွဲများ၊ စာပေ ထုတ်ပြန်ချက်များ၊ ဝေဖန်ချက်များတွင် မြန်မာနိုင်ငံမှ စာပေများကိုလည်း ဖော်ပြချင်သောကြောင့် နိုင်ငံတကာအသိုက်အဝန်းအတွင်း ပဲန်မြန်မာအနေဖြင့် ပါဝင်နိုင်စေရန် ရည်ရွယ်ကာ စာမူများ ဖိတ်ခေါ်ခဲ့ပါသည်။ ပဲန်မြန်မာအဖွဲ့ဝင် ဆရာ၊ ဆရာမများအနေဖြင့်လည်း အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားသော စာမူများကို ပေးပို့ခဲ့ကြပါသည်။ **Uppsala** သို့ စာမူပေးပို့ပေးခဲ့ကြသော ပဲန်မြန်မာအဖွဲ့ဝင် ဆရာ၊ ဆရာများကို မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။

■

# ပဲန်မြန်မာ၏
# ဇွန်လနှင့် ဇူလိုင်လများတွင်
# လုပ်ဆောင်ခဲ့သော လှုပ်ရှားမှုများ




# ကရင်ပြည်နယ် အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် ပြုလုပ်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးခြင်းဆိုင်ရာဆွေးနွေးပွဲ

**PEN Myanmar** နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ကျင့်သုံးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၄ နှင့် ၂၅ ရက်များတွင် ကရင်ပြည်နယ် အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် အွန်လိုင်း **zoom application** ဖြင့် ပြုလုပ်ခဲ့ပါသည်။ ယင်းအွန်လိုင်းဆွေးနွေးပွဲကို နှစ်ရက်တာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဇွန်လ ၂၄ ရက် (ပထမနေ့)တွင် ပဲန်မြန်မာအဖွဲ့ဝင် ဆရာ မျိုးမြင့်ညိမ်းက အဖွင့်နှုတ်ခွန်းဆက်စကားနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်တို့ကို ပြောကြားခဲ့ပါသည်။ ထို့နောက် မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် **MIDO(Myanmar ICT for Development Organization)** အဖွဲ့မှ ဆရာဝေမျိုးထွဋ်က ဒစ်ဂျစ်တယ်နည်းပညာခေတ်၏ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အခြေခံအကြောင်းအရာများကို ဆွေးနွေးပြောကြားကာ **PGK(Pyi Gyi Khin)** အဖွဲ့မှ ဆရာ သန့်လွင်ထူးက သတင်းအချက်အလက်ရရှိပိုင်ခွင့်ဆိုင်ရာ သုံးသပ်ဆွေးနွေးတင်ပြခဲ့ပါသည်။ ဆက်လက်ပြီး ပဲန်မြန်မာအဖွဲ့ဝင်၊ ပဲန်အင်တာနေရှင်နယ်ဒါရိုက်တာအဖွဲ့ဝင်လည်း ဖြစ်သည့် စာရေးဆရာမ မသီတာ(စမ်းချောင်း)က ဆွေးနွေးပွဲ၏ အနှစ်ချုပ်ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြ



ပဲန်မြန်မာအဖွဲ့ဝင် ဆရာမျိုးမြင့်ညိမ်း



ပဲန်မြန်မာအဖွဲ့ဝင် ဆရာမ မသီတာ(စမ်းချောင်း)





ပဲန်မြန်မာအဖွဲ့ဝင်
ဆရာ ဟန်ဇော်

သည့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားပြုသူများက အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပါသည်။ ဇွန်လ ၂၅ ရက်တွင် ဆွေးနွေးပွဲဒုတိယနေ့ကိုစတင်ရာ ဆရာမ မသီတာ (စမ်းချောင်း)က လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၏ မူဝါဒရေးရာ၊ ဥပဒေရေးရာ ကန့်သတ်ချက်များအကြောင်းကို ဆွေးနွေးပြောကြားခဲ့ပြီး ပဲန်မြန်မာအဖွဲ့ဝင် ဆရာ ဟန်ဇော်က သတင်းမီဒီယာဥပဒေဆိုင်ရာ သုံးသပ်ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် ဆရာမ မသီတာ(စမ်းချောင်း)က နှစ်ရက်တာ ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး အနှစ်ချုပ်ကို ဆွေးနွေးတင်ပြခဲ့ကာ တက်ရောက်လာကြသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ ၂ ရက်တာ ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်တစ်ကြိမ်၊ မန္တလေးမြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ် အသီးသီး ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ■



**MIDO** မှ ဆရာ ဝေမျိုးထွဋ်



**Pyi Gyi Khin** မှ ဆရာ သန့်လွင်ထူး




# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြုလုပ်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးခြင်းဆိုင်ရာဆွေးနွေးပွဲ

**PEN Myanmar** နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ကျင့်သုံးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၆ နှင့် ၇ ရက်များတွင် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အွန်လိုင်း **zoom application** ကို အသုံးပြု၍ ကျင်းပခဲ့ပါသည်။ ယင်းအွန်လိုင်းဆွေးနွေးပွဲတွင် ပဲန်မြန်မာ အဖွဲ့ဝင် ဆရာ မျိုးမြင့်ညိမ်းက အဖွင့်နှုတ်ခွန်းဆက်စကား နှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်တို့ကို ပြောကြားခဲ့ပါသည်။ ထို့နောက် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် **ILAM (Independent Lawyer's Association Myanmar)** အဖွဲ့မှ ဆရာသိန်းသန်းဦးက လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုရာတွင် အဟန့်အတားဖြစ်စေသော ဥပဒေဆိုင်ရာကျင့်သုံးမှုများကို ဆွေးနွေးတင်ပြခြင်း၊ **PGK (Pyi Gyi Khin)** အဖွဲ့မှ ဆရာသန့်လွင်ထူးက သတင်းအချက် အလက်ရရှိပိုင်ခွင့်ဆိုင်ရာ သုံးသပ်ဆွေးနွေးတင်ပြခြင်း၊ **MIDO(Myanmar ICT for Development Organization)** အဖွဲ့မှ ဆရာဝေမျိုးထွဋ်က ဒစ်ဂျစ်တယ်နည်းပညာခေတ်၏ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အခြေခံအကြောင်းအရာများကိုဆွေးနွေးတင်ပြခြင်း၊ ပဲန်မြန်မာအဖွဲ့ဝင် ဆရာဟန်ဇော်က သတင်းမီဒီယာဥပဒေဆိုင်ရာ သုံးသပ်ဆွေးနွေးခြင်းတို့ကို အသီးသီး တင်ပြခဲ့ကြပါသည်။ နှစ်ရက်တာအွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပဲန်မြန်မာအဖွဲ့ဝင်၊ ပဲန်အင်တာနေရှင်နယ် ဒါရိုက်တာအဖွဲ့ဝင်လည်းဖြစ်သည့် စာရေးဆရာမ မသီတာ (စမ်းချောင်း)က ဆွေးနွေးပွဲ၏ အနှစ်ချုပ်ကို ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဌာနဆိုင်ရာအသီးသီးမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ယင်းကဲ့သို့ ဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တစ်ကြိမ်၊ မန္တလေးမြို့ရှိ အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ ဇွန်လ၌ ကရင်ပြည်နယ် အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် တစ်ကြိမ် အသီးသီး ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

■




# မကွေးမြို့ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပြုလုပ်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးခြင်းဆိုင်ရာဆွေးနွေးပွဲ

**PEN Myanmar** နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ကျင့်သုံးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၉ နှင့် ၁၀ ရက်များတွင် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် အွန်လိုင်း **zoom application** ကို အသုံးပြု၍ ကျင်းပခဲ့ပါသည်။ ယင်းအွန်လိုင်းဆွေးနွေးပွဲတွင် ပဲန်မြန်မာအဖွဲ့ဝင် ဆရာ မျိုးမြင့်ညိမ်းက အဖွင့်နှုတ်ခွန်းဆက်စကားနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်တို့ကို ပြောကြားခဲ့ပါသည်။ ထို့နောက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် **ILAM (Independent Lawyer's Association Myanmar)** အဖွဲ့မှ ဆရာသိန်းသန်းဦးက လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုရာတွင် အဟန့်အတားဖြစ်စေသော ဥပဒေဆိုင်ရာကျင့်သုံးမှုများကို ဆွေးနွေးတင်ပြခြင်း၊ **PGK (Pyi Gyi Khin)** အဖွဲ့မှ ဆရာသန့်လွင်ထူးက သတင်းအချက်အလက်ရရှိပိုင်ခွင့်ဆိုင်ရာ သုံးသပ်ဆွေးနွေးတင်ပြခြင်း၊ **MIDO(Myanmar ICT for Development Organization)** အဖွဲ့မှ ဆရာဝေမျိုးထွဋ်က ဒစ်ဂျစ်တယ်နည်းပညာခေတ်၏စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အခြေခံအကြောင်းအရာများကို ဆွေးနွေးတင်ပြခြင်း၊ ပဲန်မြန်မာအဖွဲ့ဝင် ဆရာဟန်ဇော်က သတင်းမီဒီယာဥပဒေဆိုင်ရာ သုံးသပ်ဆွေးနွေးခြင်းတို့ကို အသီးသီးတင်ပြခဲ့ကြပါသည်။ နှစ်ရက်တာအွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပဲန်မြန်မာအဖွဲ့ဝင်၊ ပဲန်အင်တာနေရှင်နယ် ဒါရိုက်တာအဖွဲ့ဝင်လည်းဖြစ်သည့် စာရေးဆရာမ မသီတာ(စမ်းချောင်း)က ဆွေးနွေးပွဲ၏ အနှစ်ချုပ်ကို ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် မကွေးမြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားပြုတက်ရောက်ကြသူများက အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ယင်းကဲ့သို့ ဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တစ်ကြိမ်၊ မန္တလေးမြို့ရှိ အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ ဇွန်လ၌ ကရင်ပြည်နယ် အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့် တစ်ကြိမ်၊ ဇူလိုင်လတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တစ်ကြိမ် အသီးသီး ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

■




# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပြုလုပ်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ဆွေးနွေးပွဲ

ပဲန်မြန်မာ၏ အဓိကလုပ်ဆောင်မှုများထဲမှ တစ်ခုဖြစ်သော လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီးရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၂ ရက်တွင် **Zoom application** အား အသုံးပြု၍ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ ပြုလုပ်ခဲ့သည်။ ပဲန်မြန်မာ၏ ဥက္ကဋ္ဌ စာရေးဆရာ ညီပုလေးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အခြေခံသဘောတရားများကို ပဲန်မြန်မာ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ စာရေးဆရာမ နန်းကြာဖြူ(ဘားအံ)က ဆွေးနွေးခဲ့သည်။ ထို့နောက် စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုင်ရာအကြောင်းများကို ပဲန်မြန်မာ၏ ဒါရိုက်တာအဖွဲ့ဝင် စာရေးဆရာ သူရသဝါက ဆွေးနွေးခဲ့သည်။ ယင်းနောက် အထက်ပါခေါင်းစဉ်နှစ်ခုနှင့် စပ်လျဉ်းသည့်ပြန်လည်ဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်းကို ပဲန်အင်တာနေရှင်နယ် ဒါရိုက်တာအဖွဲ့ဝင် စာရေးဆရာမ မသီတာ(စမ်းချောင်း)က ပြန်လည်ဖြေကြားပေးခဲ့သည်။

ပဲန်မြန်မာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကဗျာဆရာ တည်မှီက အမုန်းစကားနှင့်အန္တရာယ်ရှိသော စကားများအကြောင်းကို ဆွေးနွေးခဲ့ပြီး ပဲန်မြန်မာအဖွဲ့ဝင် စာရေးဆရာမ ထက်မြတ်နိုင်ဇင်က လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့် ဥပဒေကြမ်းများအကြောင်းကို ဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ပြန်လည်ဆွေးနွေးမှုများနှင့် မေးခွန်းများကို ပဲန်အင်တာနေရှင်နယ် ဒါရိုက်တာအဖွဲ့ဝင် စာရေးဆရာမ မသီတာ(စမ်းချောင်း)က ပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် ပဲန်မြန်မာ ဥက္ကဋ္ဌ ဆရာညီပုလေးက ကျေးဇူးတင်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို အဆုံးသတ်ခဲ့သည်။

ယခု အလုပ်ရုံဆွေးနွေးပွဲသည် ဧရာဝတီတိုင်းဒေသကြီးရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများကို အဓိကရည်ရွယ်၍ ကျင်းပခဲ့သော်လည်း **Zoom application** ကို အသုံးပြု၍ ကျင်းပခြင်းဖြစ်သည့်အတွက် ယခင်ဆွေးနွေးပွဲများကို တက်ရောက်ရန် ခက်ခဲသော ပဲန်မြန်မာအဖွဲ့ဝင်များနှင့် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကိစ္စရပ်များတွင် ပဲန်မြန်မာနှင့်အဆက်အဆံ ရှိခဲ့ဖူးသော အခြားပြည်နယ်များရှိ အဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများလည်း တက်ရောက်ဆွေးနွေးခဲ့သည်။ ■




# တောင်ကြီးမြို့ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပြုလုပ်ခဲ့သည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကျင့်သုံးခြင်းဆိုင်ရာဆွေးနွေးပွဲ

**PEN Myanmar** နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် ကျင့်သုံးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃၁ ရက်တွင် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီခွဲမှ ၃ နာရီခွဲအထိ တစ်ကြိမ် စုစုပေါင်း ၂ ကြိမ် ရှမ်းပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အွန်လိုင်း **zoom application** ကို အသုံးပြု၍ ကျင်းပခဲ့ပါသည်။ ယင်းအွန်လိုင်းဆွေးနွေးပွဲတွင် ပဲန်မြန်မာအဖွဲ့ဝင် ဆရာ မျိုးမြင့်ညိမ်းက အဖွင့်နှုတ်ခွန်းဆက်စကားနှင့်အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရသည့်ရည်ရွယ်ချက်တို့ကို ပြောကြားခဲ့ပါသည်။ ထို့နောက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် **ILAM (Independent Lawyer's Association Myanmar)** အဖွဲ့မှ ဆရာသိန်းသန်းဦးက လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုရာတွင် အဟန့်အတားဖြစ်စေသော ဥပဒေဆိုင်ရာကျင့်သုံးမှုများကို ဆွေးနွေးတင်ပြခြင်း၊ **PGK (Pyi Gyi Khin)** အဖွဲ့မှ ဆရာသန့်လွင်ထူးက သတင်းအချက်အလက်ရရှိပိုင်ခွင့်ဆိုင်ရာသုံးသပ်ဆွေးနွေးတင်ပြခြင်း၊ **MIDO (Myanmar ICT for Development Organization)** အဖွဲ့မှ ဆရာဝေမျိုးထွဋ်က ဒစ်ဂျစ်တယ်နည်းပညာခေတ်၏စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အခြေခံအကြောင်းအရာများကို ဆွေးနွေးတင်ပြခြင်း၊ ပဲန်မြန်မာအဖွဲ့ဝင် ဆရာဟန်ဇော်က သတင်းမီဒီယာဥပဒေဆိုင်ရာ သုံးသပ်ဆွေးနွေးခြင်းတို့ကို အသီးသီးတင်ပြခဲ့ကြပါသည်။ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပဲန်မြန်မာအဖွဲ့ဝင်၊ ပဲန်အင်တာနေရှင်နယ်ဒါရိုက်တာအဖွဲ့ဝင်လည်းဖြစ်သည့် စာရေးဆရာမ မသီတာ(စမ်းချောင်း)က ဆွေးနွေးပွဲ၏အနှစ်ချုပ်များကို ပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ရှမ်းပြည်နယ်ဒေသကြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများက အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ယင်းကဲ့သို့ ဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တစ်ကြိမ်၊ မန္တလေးမြို့ရှိ အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့်တစ်ကြိမ်၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့ရှိ အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ ဇွန်လ၌ ကရင်ပြည်နယ် အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများနှင့်တစ်ကြိမ်၊ ဇူလိုင်လတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တစ်ကြိမ် အသီးသီးပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ■

Protecting Freedom of Expression and Fostering Vital Literary Culture

PEN MYANMAR

**PEN Myanmar ၏ ထုတ်ပြန်ကြေညာချက်(၄/၂၀၂၀)**

၁၂ ရက်၊ ဇွန်လ၊ ၂၀၂၀ ပြည့်နှစ်

ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

**ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့အပေါ် စွဲဆိုထားသည့် တရားစွဲဆိုမှုများအား အမြန်ဆုံးရုပ်သိမ်းပေးရေးနှင့် အမြန်ဆုံး ပြန်လည်လွတ်မြောက်ခွင့် ရရှိနိုင်ရေးအတွက် တိုက်တွန်းခြင်း**

၁။ ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူနှင့် ကိုပိုင်ဖြိုးမင်း(ခ) ဒီရေတို့အား တပ်မတော်အရာရှိတစ်ဦးက တရားလိုပြုလုပ်၍ ပုဒ်မ ၅၀၅ (က)ဖြင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ် နှင့် ဒေးဒရဲမြို့နယ် တရားရုံးများတွင် တရားစွဲဆိုထားရာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်နေ့များတွင် ထောင်ဒဏ် ၁ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း ကြားသိရပါသည်။

၂။ ဒေါင်းတို့ မျိုးဆက် သံချပ်အဖွဲ့၏ ရေးသားဖွဲ့ဆိုတင်ဆက်မှုများကို အကြောင်းပြု၍ အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူနှင့် ကိုပိုင်ဖြိုးမင်း(ခ)ဒီရေအပါအဝင် သံချပ်အဖွဲ့သား ၇ ဦးအား ၂၀၁၉ ခုနှစ် ဧပြီလအတွင်းက စတင်ဖမ်းဆီးခဲ့ပြီး ရန်ကုန်တိုင်း မြို့နယ် ၄ ခုတွင်လည်းကောင်း၊ ဧရာဝတီတိုင်းမြို့နယ် ၄ ခုတွင်လည်းကောင်း ပုဒ်မ ၅၀၅ (က)တစ်ခုတည်းဖြင့် တရားစွဲဆိုခဲ့ရာ ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း သက်ဆိုင်ရာ အခြားတရားရုံးများကလည်း ထောင်ကျ အပြစ်ဒဏ် အမိန့်များ အသီးသီးချမှတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ သံချပ် ဆိုသည်မှာ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံသော မြန်မာ့ရိုးရာအနုပညာတစ်ရပ် ဖြစ်ပါသည်။ မြန်မာ့သမိုင်းကြောင်းတစ်လျှောက် နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်မှုတွေ ရှိခဲ့သော်လည်း မြန်မာ့ရိုးရာ နှစ်သစ်ကူး သင်္ကြန်ကာလများမှာ မြန်မာလူမျိုးများအနေဖြင့် သံချပ်ထိုး၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခက်အခဲများကို ဖွင့်ဟ ဖော်ကျူးတင်ဆက်ခဲ့ကြပြီး လွတ်လပ်စွာ ပြောဆိုထုတ်ဖော်ပိုင်ခွင့်ကို ရိုးရာအစဉ်အလာမှာပါ အခုလို ပိုင်ဆိုင်ထားရှိသည်မှာ အလွန်ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

၄။ ဤသို့ရိုးရာအစဉ်အလာနှင့်အညီ နှစ်သစ်ကူးအခါသမယမှာ သံချပ်တင်ဆက်ခဲ့ကြသော ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ အား သံချပ်ပါအကြောင်းအရာများနှင့် တင်ဆက်ဖျော်ဖြေမှုများသည် နိုင်ငံတော် အကြည်အညိုပျက်စေသည်ဆိုသော စွဲချက်ဖြင့် ယခုလို တပ်မတော်အဖွဲ့အစည်းတစ်ခုတည်း၏ တပ်ဖွဲ့ဝင်အရာရှိများက သီးခြားစီ တရားရုံးများစွာမှာ တရားစွဲဆိုခြင်းသည် လည်းကောင်း၊ ဤစွဲချက်ကို အကြောင်းပြု၍ ၂၀၁၉ အောက်တိုဘာလကတည်းက ထောင်ကျ ပြစ်ဒဏ်ချမှတ်ခံထားရပြီး ဖြစ်ကာ အကျဉ်းသားများအဖြစ်ဖြင့် တူညီသောစွဲချက်များကို အခုလို ဆက်လက်ရင်ဆိုင်နေရပြီး နောက်ထပ်ပြစ်ဒဏ်များ ချမှတ်ခံနေရခြင်းသည်လည်းကောင်း လူ့အခွင့်အရေးရှုထောင့်မှဖြစ်စေ၊ အငြင်းပွားမှုတစ်ခုအပေါ် တရားမျှတစွာ စီရင်စေမှု သဘောတရားရှုထောင့်မှဖြစ်စေ မေးခွန်းထုတ်စရာဖြစ်စေသကဲ့သို့ လွတ်လပ်မှင့်လင်းသော ဒီမိုကရေစီလူ့ဘောင်အား တည်ထောင် နေသည့် မြန်မာလူ့အဖွဲ့အစည်းအတွက်လည်း စိုးရိမ်ပူပန်ချောက်ချားစရာဖြစ်စေသည်ဟု မိမိတို့ ပဲန်မြန်မာအနေဖြင့် ရှုမြင်သုံးသပ် ပါသည်။

၅။ သို့ဖြစ်ပါ၍ ဒေါင်းတို့မျိုးဆက်သံချပ်အဖွဲ့အပေါ် စွဲဆိုထားသော မပြီးပြတ်သေးသည့် တရားစွဲဆိုမှုများအား အမြန်ဆုံး ရုပ်သိမ်းပေးရန် တပ်မတော်အား မိမိတို့ ပဲန်မြန်မာအနေဖြင့် တိုက်တွန်းလိုက်ပြီး ထောင်ကျ အပြစ်ဒဏ်ကျခံနေရသော ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့သားများအား ပြစ်ဒဏ်များမှ ချုပ်ရက်များ ထုတ်နုတ်ခံစားစေပြီး အမြန်ဆုံးလွတ်မြောက်ခွင့် ရရှိနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းလိုက်ပါသည်။

■

**ပဲန်မြန်မာစင်တာ**

PEN Myanmar Center: # 71, 4th Floor, Myay Ni Gone Zay Street, Sanchaung Township, Yangon, Myanmar.
Email: penmyanmarcenter@gmail.com, ph: +95 9784420175, +95 9780592913

# အကျပ်အတည်းအတွင်းမှ ခေါင်းဆောင်မှု စကားဝိုင်းမှာ ပြောကြားထားသည့် ပဲန်မြန်မာအဖွဲ့ဝင်၊ ပဲန်အင်တာနေရှင်ဒါရိုက်တာဘုတ်အဖွဲ့ဝင် စာရေးဆရာမ မသီတာ – စမ်းချောင်း၏ ဆွေးနွေးပြောကြားချက်

"အဲဒီအချိန်တုန်းက ကျွန်မက ဘယ်ဘဝနဲ့စသလဲဆိုတော့ **Empty chair** ပေါ့။ **PEN International Conference** တွေမှာ အကျဉ်းကျစာရေးဆရာတွေကို နေရာလွတ်လေး ပေးပြီးတော့ ဂုဏ်ပြုကြတယ်။ ကျွန်မ ထောင်ထဲကို ရောက်နေတဲ့အချိန်မှာ နေရာလွတ်ဘဝနဲ့ စခဲ့တယ်ပေါ့။ အဲဒီလိုနေရာလွတ်ဘဝမတိုင်ခင်လေးကမှ တစ်နည်းအားဖြင့် ထောင်မကျခင်လေးကမှ ကမ္ဘာမှာ **PEN International** ဆိုတာ ရှိပါလားဆိုတာ သိရတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဆီမှာ **Censorship** တွေ၊ ဝါဒဖြန့်ချိရေးတွေနဲ့ တကယ်တမ်း ဘာမှ မသိခဲ့ရဘူး။ ပထမကမ္ဘာစစ်အပြီး ၁၉၂၁ ခုနှစ်ကတည်းက ထောင်ထားတဲ့ ကမ္ဘာလုံးဆိုင်ရာ ဒီအဖွဲ့ကြီး ရှိတယ်ဆိုတာကို ထောင်မကျခင်လေးကမှ သိတဲ့သူ တစ်ယောက်ပါ။ အဲဒီအနေအထားကနေပြီးတော့ ထောင်က လွတ်လာတဲ့အချိန်ကျ ကျွန်မ စဉ်းစားမိတာက ဘာလဲဆိုတော့ ကျွန်မတို့က **Self -isolation** လုပ်ခဲ့ကြတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ နိုင်ငံရေးအရ ကျွန်မတို့က ကိုယ့်ဟာကိုယ်ပဲ အထီးကျန်ဝါဒကို ကျင့်သုံးခဲ့ကြတယ်။ အဲဒီအထီးကျန်ဝါဒကနေ ကျော်လွှန်ဖို့ကိုက နိုင်ငံရေးအရ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စဉ်းစားလာကြပြီပေါ့။ စဉ်းစားလာကြပြီဆိုတော့ ကျွန်မတို့စာရေးဆရာတွေအနေနဲ့ကရော ဒီဟာကို လွန်မြောက်ဖို့ တစ်ခုခုတော့ လုပ်ရမယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လူတိုင်းခေါင်းဆောင်ဆိုတဲ့ဟာနဲ့ သွားဖို့ဆိုရင် ရေရှည်အမြော်အမြင်တစ်ခု အတိအကျရှိမှ ဖြစ်မယ်။ ဒါကို ကျော်လွှားဖို့ဆိုရင် တစ်ဦးချင်း၊ တစ်ယောက်ချင်း ဘယ်လောက်လုပ်နိုင်သလဲပေါ့နော်။

"တကယ်တမ်း စာပေလောကသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် များသောအားဖြင့် အနောက်နိုင်ငံက စာရေးဆရာတွေကပဲ နိုဘယ်လ်ဆုတွေ ရကြတယ်။ ဒါပေမဲ့ အခုဆို အာရှကနေ နိုဘယ်လ်ဆုရ စာရေးဆရာတွေ ထွက်လာအောင် ကိုရီးယားက ရည်ရွယ်ပြီးလုပ်နေတဲ့ အခုချိန်မျိုးမှာဆို ကျွန်မတို့ ဘာလုပ်နိုင်မလဲ။ ကိုယ့်ဘာသာကိုယ် ထောင်မယ်ပေါ့။ အစုအဖွဲ့တစ်ခု ထောင်လိုက်မယ်ပေါ့။ ဒါကို ကမ္ဘာက သိအောင်လုပ်မယ်ဆိုတဲ့ကိစ္စက ကျွန်မ ထင်တယ်၊ တော်တော်လေး အန္တရာယ်များတယ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့မှာ ကမ္ဘာက သိတဲ့စာရေးဆရာ လုံလုံလောက်လောက် မရှိဘူး။ အဲဒါက နံပါတ်တစ်အချက်ပေါ့။ နံပါတ်နှစ်အချက်က စာရေးဆရာတွေရဲ့လုပ်ငန်းသဘာဝအရ **Teamwork** အစုအဖွဲ့နဲ့လုပ်ဖို့ဆိုတာက လိုအပ်ချက်မဖြစ်နေဘူး။ အဲဒီတော့ စာရေးဆရာအများစုဟာ တစ်ကိုယ်တော်သမားတွေချည်းပဲ။ တစ်ကိုယ်တော်ထူထောင်ရတာကို

ကြိုက်တယ်။ တစ်ကိုယ်တော်လွတ်လပ်ခွင့်ကို ပျော်ပိုက်တယ်ဆိုတဲ့သူတွေ။ အဲဒါတွေအားလုံးကို **Common Identity** တစ်ခုတည်းမှာ စုဖွဲ့ဖို့ဆိုတာ တကယ်တမ်းကျတော့ တော်တော်လေးကို ကြိုးစားရမယ့်ကိစ္စ ဖြစ်လာတယ်။

"အဲဒီမှာ **PEN International** ဟာ **Literature** သက်သက်မဟုတ်တော့ဘဲ **Freedom of Expression** ဆိုတဲ့ လူတိုင်းလူတိုင်းရဲ့ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့် အကာအကွယ်ပေးတယ်ဆိုတဲ့ **Mission** အကြီးကြီးရှိနေတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မက အဲဒီ **Global Network** ထဲကို သွားချင်တာ။ ဒါဟာ ပိုအဆင်ပြေတယ်ပေါ့။ ကျွန်မတို့ဘာသာ ကျွန်မတို့ ထူထောင်ပြီးတော့ အသိအမှတ်ပြုပါလို့ပြောရင် ခက်ခဲတဲ့လမ်းကြောင်းဖြစ်မယ်။ ဒါကြောင့်မို့လို့ ၂၀၁၂ နောက်ပိုင်းမှာ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်တွေ စကားပြောလာတဲ့အချိန်မျိုးမှာ အဆင်သင့်ဖြစ်အောင်လို့ပေါ့။ ဒီအိပ်မက်က အစောကြီးကတည်းက မက်ခဲ့ရတာ။ ကျွန်မ ထောင်ကလွတ်ပြီးတဲ့နောက်ပိုင်းမှာ တောက်လျှောက် တစ်ချိန်ချိန်မှာ ဒီအခွင့်အရေးရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ **PEN International** ကို နည်းပေါင်းစုံနဲ့ ဆက်သွယ်ခဲ့တယ်။ သူတို့ရဲ့အစီအစဉ်တွေမှာ တစ်ယောက်တည်း ပူးပေါင်းပါဝင်ခဲ့တယ်။ ကျွန်မမှာ အဖွဲ့မရှိခင်ကာလပေါ့။ ဒီနည်းနဲ့လုပ်ခဲ့တဲ့အတွက် ၂၀၁၃ မှာတော့ ဒီ **Network** ကြီးထဲကို သွားချင်တယ်၊ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ လောက်ရှိတဲ့ **Network** ကြီးပေါ့။ တစ်နည်းအားဖြင့် **Confederation** ပေါ့။ စင်တာတိုင်းမှာ သူ့ဟာသူ ကိုယ်ပိုင်မူဝါဒ၊ ကိုယ်ပိုင်အုပ်ချုပ်၊ ကိုယ်ပိုင်ရန်ပုံငွေရှာ၊ ကိုယ့်ဘာသာ ဆုံးဖြတ်လို့ရတယ်။ ကိုယ် ဦးစားပေးချင်တဲ့အကြောင်းအရာကို ကိုယ့်ဘာသာ လုပ်ကြတယ်။ ဒါပေမဲ့ အဲဒါက **Confederation Network** ကြီးဖြစ်တယ်။ ပြီးတော့ **Very Democratic** ဖြစ်ပြီး စတည်ထောင်ကတည်းက ဒီမိုကရေစီနည်းကျ သွားတာဖြစ်တာကြောင့် ဒီဟာကြီးထဲမှာ အသိအမှတ်ပြုခံရဖို့ ကျွန်မတို့က ကိုယ့်နိုင်ငံမှာ ကိုယ့်အဖွဲ့ရဲ့စည်းမျဉ်းတွေကို အားလုံးလက်ခံမှ **Vote** လုပ်ပြီးမှ ဒါဟာ စင်တာတစ်ခုအဖြစ် လက်ခံနိုင်ပါတယ်လို့ဆုံးဖြတ်မှ တည်ထောင်ခွင့်ရတာပါ။ ဒီအတိုင်းလည်း ပူးပေါင်းလို့ရတာမဟုတ်တဲ့အတွက်ကြောင့် ဒီအဆင့်ဆင့်ကို လုပ်တဲ့အခါ ခုနကလို တစ်ဦးတစ်ယောက်ချင်းက **Freedom of Expression** ကို အားလုံးက တစ်ပြေးညီတည်း ယုံကြည်ပါတယ်ဆိုတဲ့ ဒီ **Identity** တစ်ခုတည်းကို အားလုံး သက်ဝင်ယုံကြည်သွားအောင် အားထုတ်ရတဲ့ အလုပ်ကို အရင်လုပ်ရတယ်ပေါ့။

"အဲဒီတော့ **Freedom of Expression** ကို အတိုကောက်ပြောတဲ့အခါ **FoE** ဆိုတော့ ဟာ ဒါ ရန်သူပဲဆိုတဲ့ အတွေးရှိခဲ့တဲ့ နိုင်ငံပေါ့နော်။ အဲဒါကြောင့်မို့လို့ လုပ်ရတာ ပိုပြီးခက်တယ်။ တစ်နည်းအားဖြင့် **Freedom of Expression** လို့ ပြောလိုက်တာနဲ့ နိုင်ငံရေးလို့ပဲ မြင်တယ်။ အဲဒီအခါမှာ ခုခံတိုက်ခိုက်မှုတွေ များလာတယ်။ အဲဒီအခါမှာ ခုနကလို တစ်ကိုယ်တော်နေလို့ရတဲ့ စာရေးဆရာတွေဆီက ပူးပေါင်းဆောင်ရွက်မှုဟာလည်း အင်မတန်မှ အကန့်အသတ်ရှိတယ်။ အဲဒီအကျပ်အတည်းက တစ်ဖက်မှာ ရှိနေတယ်။ ဒါပေမဲ့ တစ်ဖက်မှာက ကျွန်မ သက်သေပြရမယ်။ ဘာလဲဆိုတော့ **PEN Myanmar** လို့ခေါ်တဲ့ မြန်မာစင်တာသည် ကျန်တဲ့စင်တာတွေနဲ့ တန်းတူရည်တူအလုပ်လုပ်နိုင်တဲ့ စင်တာတစ်ခု ဖြစ်တယ်။ ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်တွေမှာလည်း တက်တက်ကြွကြွ ပါဝင်တဲ့စင်တာမျိုးဖြစ်တယ်။ တစ်နည်းအားဖြင့် စင်တာစဉ်မီတဲ့စင်တာတစ်ခုဖြစ်တယ်ဆိုတာကို သက်သေပြမှ ဆက်လက်ပြီးတော့ ရပ်တည်လို့ရမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့မူအရ အဲဒီလိုမျိုး စင်တာစဉ်မမီဘူးဆိုရင် ကျွန်မတို့က **Deactivate** လုပ်ခွင့်၊ **Terminate** လုပ်ခွင့်ရှိတယ်။ ဒါက **Vote** နဲ့ လုပ်တာပဲ။ ဒါကလည်း ဒီလိုပွတ်တိုက်မှု **Clash** က ပြည်တွင်းတင်မဟုတ်ဘူး၊ ပြည်ပမှာပါ ရှိတယ်။ အဲဒီကြားထဲ ကျွန်မတို့က စစ်အစိုးရလက်ထက်မှာ တစ်လျှောက်လုံးပြောလာတဲ့ စည်းကမ်းနဲ့ပြည့်ဝသော ဒီမိုကရေစီဆိုတဲ့ အတွေးအခေါ်က ရှိနေတယ်။ ဒါပေမဲ့ ဒီမိုကရေစီ ဘာလဲဆိုတာ လူထု မသိသလို ဒီမိုကရေစီဆိုတာ ရပိုင်ခွင့်တွေနဲ့ ဆက်စပ်တယ်၊ **Human Rights** တွေနဲ့ ဆက်စပ်တယ်ဆိုတာသာ တစ်လျှောက်လုံး ပြောတယ်။ ကျင့်သုံးတယ်ဆိုတာတော့ မရှိဘူး။ ကျွန်မတို့ အဲဒီ **Rights** တွေဟာ တောင်းစရာ လိုတာ မဟုတ်ပါဘူး။ လေ့ကျင့်ယူ ကျင့်သုံးယူရတဲ့အရာပါဆိုတဲ့အသိ မရှိဘူး။ အလေ့အကျင့်လုပ်လို့ရတဲ့ ဝန်းကျင်တစ်ခုကို မဖန်တီးပေးနိုင်ခဲ့ဘူး။ အဲအတွက်ကြောင့်မို့လို့ ကျွန်မတို့စင်တာရဲ့ **Vision** နေရာမှာ ဒါတွေ အားလုံးပါချင်တယ်။ ကျွန်မတို့က ဒီရပိုင်ခွင့်၊ ဒီအခွင့်အရေးကို ကျင့်သုံးနိုင်တဲ့ ပလက်ဖောင်းတစ်ခုဖြစ်အောင် လုပ်မှရမယ်။ ဒါဟာ ရှင်းရှင်းပြောရင် ကိုယ့်နိုင်ငံရဲ့ရေရှည်အမြော်အမြင်ကို စင်တာနဲ့ ပိုပြီးလိုက်လျောညီထွေဖြစ်အောင် လုပ်ချင်တယ်ပေါ့။ အဲဒါတွေအကုန်လုံး ပူးပေါင်းနိုင်ဖို့ဆိုပြီး တစ်ဖက်မှာ ကြိုးစားရတယ်ပေါ့။ လွယ်သလားမေးရင်တော့ မလွယ်ဘူးပေါ့။ သို့သော် အားလုံးကို တတ်နိုင်သမျှ ပူးပေါင်းလာအောင် လုပ်တယ်။ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပါတယ်ဆိုတဲ့

ပဲန်မြန်မာရဲ့ **Identity** တစ်ခုတည်းကို အားလုံးသက်ဝင်ပြီး ယုံကြည်လာအောင်ပေါ့။ ကိုယ့်ရဲ့ တစ်ကိုယ်တော်ထူထောင်ထားတာတွေကတော့ တစ်ကဏ္ဍပဲပေါ့။

“ကျွန်မတို့ရွေးကောက်ပွဲလုပ်တဲ့အခါ ၂၀၁၃ ကနေ ၂၀၁၆ အထိပေါ့။ **PEN International** ရဲ့ ရွေးကောက်ပွဲက ၂၀၁၆ မှာပေါ့။ ဒီသုံးနှစ်အတွင်းမှာ ပဲန်မြန်မာအနေနဲ့ လုပ်ခဲ့တဲ့အလုပ်တွေ အများကြီးရှိတယ်ပေါ့။ ၂၀၁၄၊ ၂၀၁၅ မှာ အမုန်းစကားတွေ စလာတဲ့အတွက် အမုန်းစကားနဲ့ပတ်သက်တာတွေ လုပ်တယ်၊ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဝတ္ထုပြိုင်ပွဲမျိုးတွေ လုပ်တယ်ဆိုတာမျိုးပေါ့။ နိုင်ငံရဲ့လက်ရှိဖြစ်နေတဲ့အခြေအနေရယ်၊ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ရယ်၊ စာပေရယ် ပေါင်းကူးနိုင်တဲ့ လှုပ်ရှားမှုတွေ အများကြီးလုပ်လာနိုင်တဲ့အတွက်ကြောင့် ၂၀၁၆ ပဲန်အင်တာနေရှင်နယ်ရဲ့ဒါရိုက်တာဘုတ်နေရာ လစ်လပ်တဲ့အခါမှာ ဝင်အရွေးခံပါဆိုတာမျိုး ဖြစ်လာတယ်။ ပဲန်အင်တာနေရှင်နယ်ရဲ့ညီလာခံတိုင်းမှာ အချိန်တိုတိုနဲ့ အောင်မြင်တဲ့ ပဲန်စင်တာတစ်ခုကို **Mention** လုပ်တဲ့အခါတိုင်းမှာ **PEN Myanmar** ဟာ ပါလာပြီ။ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ပဲန်ထိုင်းအနေနဲ့ ဘာမှမလုပ်ဘူးဆိုတာမျိုးတွေ ရှိနေတော့ တကယ်အလုပ်လုပ်နေတဲ့စင်တာက ကျွန်မတို့ဖြစ်နေတယ်။ ၂၀၁၆ ရွေးကောက်ပွဲမှာ ဝင်အရွေးခံတဲ့အခါ တခြားစင်တာတွေက လူတွေလည်း အများကြီးပါလာတယ်။ ကျွန်မနဲ့အတူဝင်အရွေးခံတဲ့တစ်ယောက်က ပဲန်ဘင်္ဂလားဒေ့ရှ်ကပေါ့။ အဲဒီအချိန်က နိုင်ငံရေးအရ ရခိုင်ကိစ္စနဲ့ ပြဿနာဖြစ်နေတဲ့အချိန်၊ ကျွန်မတို့သည် ပြည်တွင်းမှာ သတင်းထောက်တွေ ဘယ်လိုအဖမ်းခံနေရပေမဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ စာရေးဆရာအုပ်စုတစ်စုကတော့ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်အတွက် အားသွန်ခွန်စိုက်လုပ်နေပါတယ်ဆိုတဲ့သက်သေပြဖို့ သိပ်အရေးကြီးတဲ့အချိန်ပေါ့။ နောက်ဆုံးတော့ ကျွန်မရွေးကောက်ခံလိုက်ရပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက ကျွန်မ အင်မတန်ကျေနပ်သွားတာ တစ်ခုရှိတယ်။ ပဲန်အင်တာနေရှင်ရဲ့ဒါရိုက်တာဘုတ်ဖြစ်လာတဲ့အချိန်မှာ မနှစ်က ၂၀၁၇ ညီလာခံမှာ ကျွန်မအမေဆုံးတဲ့အတွက် ကျွန်မသွားမတက်နိုင်ဘူး။ ဒါပေမဲ့ ကျွန်မတို့က နှစ်တိုင်း တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဆုံးဖြတ်ချက်တွေ ချတယ်။ ၂၀၁၇ စက်တင်ဘာဖြစ်တဲ့အတွက်ကြောင့် ဩဂုတ်ပြဿနာအရ ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေ ချဖို့ဖြစ်လာတယ်။

“ညီလာခံက ယူကရိန်းမှာ လုပ်တာကြောင့် အဲဒီအချိန်က ပဲန်မြန်မာဥက္ကဋ္ဌကလည်း ဗီဇာအခက်အခဲကြောင့် မသွားလိုက်နိုင်ဘူး။ တစ်နည်းအားဖြင့် မြန်မာတစ်ယောက်မှ မရှိတဲ့အချိန်ပေါ့။ အဲဒီဆုံးဖြတ်ချက်က ချချင်သလို ချလိုက်လို့ရတဲ့အနေအထားပဲ။ သို့သော် မြန်မာက တစ်ယောက် ဒါရိုက်တာဘုတ်ထဲမှာ ပါနေတဲ့အတွက်ကြောင့်မို့လို့ သူတို့က ကျွန်မကို လှမ်းပြောတယ်။ မနက်ဖြန်မှာ ဆုံးဖြတ်ချက်အဖြေထွက်မယ်၊ အဲဒီအတွက် ဘာအချက်တွေကို ပါစေချင်သလဲဆိုတဲ့အခါမှာ ကျွန်မ ဒါတွေကို **Mention** လုပ်နိုင်ခဲ့တယ်။ မြို၊ ခမီ၊ ရခိုင် စတဲ့ ကျန်တိုင်းရင်းသားတွေရဲ့ အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှုတွေကို မဖြစ်မနေ **Mention** လုပ်ပေးပါ။ ပြီးတော့ သတင်းထောက်တွေအတွက် လွတ်လပ်စွာ သတင်းရယူခွင့်ကို အာမခံပေးနိုင်တဲ့ဆုံးဖြတ်ချက်တွေ လုပ်ပေးပါလို့ ကျွန်မ တောင်းဆိုနိုင်ခဲ့တယ်ပေါ့။ ကျွန်မတို့တစ်လျှောက်လုံးသွားတဲ့ အတွေးတွေကို ရေရှည်အမြော်အမြင်ကို ဦးတည်ပြီးသွားထားတာဖြစ်တဲ့အတွက်ကြောင့် စာရေးဆရာကွက်ကွက်ကလေးကို မူတည်ပြီးသွားထားတာလည်း မဟုတ်ဘဲ တစ်နိုင်ငံလုံးရဲ့ ရေရှည်အမြော်အမြင်နဲ့ကိုက်ညီအောင် သွားထားတာမို့ ကျွန်မတို့ဒါကို အရေးကြီးတဲ့ကိစ္စတစ်ခုလိုပေါ့။ နောက်တစ်ခုက ပလက်ဖောင်းပေါ့။ ကိုယ် လုပ်ချင်တာ ဒီမိုကရေစီဖြစ်တယ်ဆိုရင် ဒီရပိုင်ခွင့်တွေကို အသိအမှတ်ပြုခံချင်တယ်၊ ရချင်တယ်ဆိုရင် အဲဒီရပိုင်ခွင့်တွေကို ကျင့်သုံးနိုင်တဲ့အခင်းအကျင်းကို ကိုယ်ကိုယ်တိုင်က ဖန်တီးဖို့ လိုတယ်။ အဲဒီအတွက်ကိုတော့ ကျွန်မတို့အားထည့်ရမယ်ပေါ့။ အဲဒီလိုမှပဲ ရေရှည်ဆက်ပြီးသွားလို့ရတယ်။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံးအတိုင်းအတာခြုံငုံစဉ်းစားတဲ့ **Vision** မျိုး၊ နောက်တစ်ခုက အတိတ်က ဖြစ်ခဲ့တာတွေကို သုံးသပ်ပြီး လက်ရှိမှာ ကိုယ် ဘယ်နေရာကို ရောက်နေသလဲဆိုတာကို အမှန်အတိုင်းမြင်ပြီးတော့မှ အတိတ်နဲ့မတူတဲ့ အတိတ်ထက်ပိုကောင်းတဲ့ လက်ရှိအခြေအနေ၊ အနာဂတ်ကို သွားနိုင်တဲ့အမြော်အမြင်မျိုးပေါ့။ ကျွန်မထင်တယ် ဒါမျိုးမပါလို့ကတော့ ခေါင်းဆောင်မှုက အဆင်မပြေဘူးပေါ့”

ဟု စာရေးဆရာမ မသီတာ-စမ်းချောင်းက ဆွေးနွေးဖြေကြားထားပါသည်။

၂၀၁၉ ခုနှစ်က ဆွေးနွေးချက်အဟောင်း ဖြစ်ပါသည်။

■

Pen

MYANMAR

Protecting Freedom of Expression
and
Fostering Vital Literary Culture

# 71, 4th Floor, Myay Ni Gone Zay Street,
Sanchaung Township, Yangon, Myanmar.
Email: penmyanmarcenter@gmail.com,
ph: +95 9784420175, +95 9780592913